**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**

**တိုကျိုမြို့**


## ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ Working Condition Consultation Hotline ဖုန်းနံပါတ်များ ကြေညာခြင်း

၁။ ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ၌ လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားအလုပ်သမားများ လုပ်ငန်းခွင်အတွင်း လုပ်အားခ၊ အလုပ်ချိန်၊ အလုပ်ထုတ်ခံရခြင်း စသည့် လုပ်ငန်းခွင်ဆိုင်ရာအခက်အခဲများ ကြုံတွေ့ရပါက တိုင်ပင်ဆွေးနွေးနိုင်ရန် Hotline ဖုန်းများဖြင့် လက်ခံဖြေကြားပေးလျက်ရှိပြီး အသေးစိတ်အချက်အလက်များကို https://www.check-roudou.mhlw.go.jp/soudan/foreigner_mmr.html တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

၂။ Hotline ဖုန်းများဖြင့် လက်ခံဖြေကြားပေးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါကြောင်း သိရှိနိုင်ရန် ကြေညာအပ်ပါသည် -

(က) Hotline ဖုန်းနံပါတ် - **0120-531-407** (မြန်မာအလုပ်သမားများအတွက်)

အချိန် - ဗုဒ္ဓဟူးနေ့၊ ညနေ ၀၅: ၀၀ နာရီမှ ည ၁၀: ၀၀ နာရီထိနှင့် တနင်္ဂနွေနေ့၊ နံနက် ၀၉: ၀၀ နာရီမှ ည ၀၉: ၀၀ နာရီထိ

ကုန်ကျစရိတ် - အခမဲ့

(ခ) Hotline ဖုန်းနံပါတ် - **0570-001-707** (နိုင်ငံခြားသားအလုပ်သမားများအတွက်)

အချိန် - သောကြာနေ့ နံနက် ၁၀: ၀၀ နာရီမှ ညနေ ၀၃: ၀၀ နာရီထိ

ကုန်ကျစရိတ် - ကြိုးဖုန်းဖြင့်ဆက်သွယ်မှုအတွက် ၁၈၀ စက္ကန့်လျှင် အခွန်အခ အပါအဝင် ဂျပန်ငွေ ၈.၅ ယန်း၊

- Mobile Phone ဖြင့် ဆက်သွယ်မှုအတွက် စက္ကန့် ၂၀ လျှင် အခွန်အခအပါအဝင် ဂျပန်ငွေ ၁၀ ယန်း၊

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR 013 TOKYO

မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်